HSRI

# အင်ဒီးယားနားပြည်နယ် ခွင့်ပြုချက်ပုံစံ ယေဘူယျသဘောထား ဆိုင်ရာစာတမ်း ပြန်လည်မွမ်းမံရေးဆွဲခြင်း

## အဓိကအကျဉ်းချုပ်

၂၀၂၀ ဇန်နဝါရီလ



# ယေဘူယျသဘောထားဆိုင်ရာစာတမ်းတစ်ခုဆိုတာဘာလဲ။

ယေဘူယျသဘောထားဆိုင်ရာစာတမ်းတစ်ခုသည် ပြည်နယ်အတွက် မသန်မစွမ်းသူများ၊ မိသားစုများ၊ ပံ့ပိုးသူများ၊ အမှုတွဲမန်နေဂျာများနှင့် ပြည်နယ်ဝန်ထမ်းများထံမှ ကြားသိခဲ့ရသည့်အရာများပေါ်တွင်အခြေခံ၍ ခွင့်ပြုချက်ပုံစံများအတွက် စဉ်းစားနေသော ပြောင်းလဲမှု များအား ဝေမျှခြင်းနည်းလမ်းတစ်ခုဖြစ်သည်။ အလေးထားစရာများနှင့် အနှောင့်အယှက်အတားအဆီးများ ပြောင်းလဲခြင်းများအားလည်း အကျဉ်းချုပ်ဖော်ပြရန် ရည်ရွယ်သည်။ မည်သူမဆို ခွင့်ပြုချက်အသစ်တစ်ခုအားရေးရန် မထိုင်မီတွင် ထိုယေဘူယျသဘောထားဆိုင်ရာစာတမ်းတစ်ခုရရှိမည်ဖြစ်သည်။ လူတိုင်းသည် ကြီးမားသောခံယူချက်များနှင့် ထိုလမ်းကြောင်းရှေ့ဆက်ရာတွင် တုန့်ပြန်မှုရရှိရန် အခွင့်အရေးတစ်ခုအတွက် သေချာစေသော လမ်းတစ်ခုဖြစ်သည်။

ဤအရာသည် ယေဘူယျသဘောထားစာတမ်း၏ အဓိကအကျဉ်းချုပ်တစ်ခုဖြစ်သည်။ ၎င်းတွင် အကျဉ်းချုံးထားသောအသွင်၌ အထူးမီးမောင်းထိုးပြထားခြင်းများနှင့် အဓိကခံယူချက်များ ပါဝင်သည်။ ၎င်းအား ၎င်း၏ကိုယ်ပိုင် သို့မဟုတ် ပြည့်စုံသော ယေဘူယျသဘောထားဆိုင်ရာစာတမ်းနှင့်တွဲ၍ သုံးနိုင်သည်။

# စာရေးသူများအကြောင်း

ဤ ယေဘူယျသဘောထားဆိုင်ရာစာတမ်းသည် Human Services Research Institute (HSRI) ၏ Alena Vazquez, Brittany Taylor နှင့် Yoshi KardellHowever အားဖြင့် အခြေခံ မူကြမ်းပြုခဲ့ခြင်းဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ ခံယူချက်များနှင့် ရွေးချယ်မှုများသည် HCBS နှင့် Charting the LifeCourse Framework တွင် ပြည်တွင်းနှင့် ဒေသတွင်း ကျွမ်းကျင်သူများ၏ စည်းရုံးရေးအဖွဲ့နှင့်အတူ ပူးပေါင်းလုပ်ဆောင်ခြင်းမှတစ်ဆင့် တိုးတက်ခဲ့ခြင်းဖြစ်သည်။ ဤ ယေဘူယျသဘောထားဆိုင်ရာစာတမ်း တစ်လျှောက်လုံးတွင် ဤအဖွဲ့အား စီမံကိန်းအဖွဲ့ အဖြစ်ရည်ညွှန်းသည်။ အောက်တွင် အဓိကအဖွဲ့ဝင် များအားဖော်ပြထားပြီး ၎င်းတို့၏ ကျွမ်းကျင်မှုဆိုင်ရာနယ်ပယ်များကိုလည်း မီးမောင်းထိုးပြထားသည်။

| | |
|---|---|
| HSRI | John Agosta, Alena Vazquez, Yoshi Kardell နှင့် Brittany Taylor တို့တွင် IDD ရှိသောသူအယောက်တိုင်းစီအား ခွင့်ပြုချက်ဝန်ဆောင်မှုများပေးရန် ပြည်နယ်တော်တော်များများ၏ စနစ်များပြန်လည်မွမ်းမံခြင်းတွင် တိကျသောအားထုတ်မှုများရှိကြသည်။ |
| UMKC | UMKC Institute for Human Development ၏ Sheli Reynolds သည် Charting the LifeCourse ၏ မူလတိုးတက်အောင် ဆောင်ရွက်သူဖြစ်သည်။ |
| | Indiana Institute on Disability and Community ၏ Derek Nord နှင့် Teresa Grossi အင်ဒီးယားနားတွင် IDD ၏ ခင်းကျင်းမှု၌ ကျယ်ပြန့်စွာလုပ်ဆောင်ပြီး များစွာသော DDRS စီမံကိန်းများတွင် ကူညီပံ့ပိုးသူ သို့မဟုတ် အကဲဖြတ်သူများအဖြစ် တာဝန်ယူခဲ့ကြသည်။ |
| NASDDDS | Mary Sowers သည် NASDDDS နှင့်အတူ HCBS အစီအစဉ်များတွင် သူမအခန်းကဏ္ဍတွင် နည်းပညာပိုင်းဆိုင်ရာအကူအညီအား ပြည်နယ်များသို့ ကျယ်ပြန့်စွာပေးရန် ကမ်းလှမ်းခြင်းခံခဲ့ရပြီး CMS တွင် သူမသက်တမ်းအတွင် အကြီးတန်းခေါင်းဆောင်မှုနေရာများ၌ တာဝန်ထမ်းဆောင်ခဲ့သည်။ |
| THE CONSORTIUM ON INNOVATIVE PRACTICES | Rebecca Wright သည် IDD မူဝါဒရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းတွင် နှစ်ပေါင်း ၄၀ ကျော်လုပ်ကိုင်ခဲ့ပြီး 1915(j) တွင် ပထမအတည်ပြုခဲ့သည်။ |
| LAWRANCE POLICY CONSULTING | Kristy Lawrance သည် အင်ဒီးယားနားပြည်နယ်ရှိ ပြည်သူ့ရေးရာနှင့် ပုဂ္ဂလိကကျန်းမာရေး၊ လူမှုရေးဝန်ဆောင်မှုလုပ်ငန်းများတွင် နှစ်ပေါင်း (၂၀) တာဝန်ထမ်းဆောင်ပြီး FSSA တွင် စွမ်းဆောင်ရည်အမျိုးမျိုးဖြင့် ထောက်ပံ့ပေးခဲ့သည်။ |
| Burns & Associates, Inc. Health Policy Consultants | Stephen Pawlowski သည် HCBS အစီအစဉ်များအတွက် နှုန်းထားသတ်မှတ်သည့် စီမံကိန်းဒါဇင်ကျော်ကိုဦးဆောင်ခဲ့ပြီး သူတို့၏ခွင့်ပြုချက်လျှောက်တင်ခြင်းများ၏ ဘဏ္ဍာရေးဆိုင်ရာအစိတ်အပိုင်းများကိုရေးဆွဲရာ၌ များစွာသောတရားစီရင်ပိုင်ခွင့်များတွင် ကူညီခဲ့သည်။ |
| | Gail Grossman သည် Massachusetts တွင် အရည်အသွေး စီမံခန့်ခွဲမှုနှင့် တိုးတက်မှုစနစ်များ၌ အဓိကဆောင်ရွက်ရသော အရည်အသွေးစီမံခန့်ခွဲမှုဆိုင်ရာ လက်ထောက်ကော်မစ်ရှင်နာအဖြစ် နှစ်ပေါင်း ၄၀ ကျော် လုပ်ဆောင်ခဲ့သည်။ |

DRAFT

# ၁ အဓိကအကျဉ်းချုပ်

## ပဏာမနိဒါန်း

အင်ဒီးယားနားပြည်နယ် Family and Social Services Administration (FSSA), Division of Disability and Rehabilitative Services (DDRS) မှ ဉာဏ်ရည်နှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မသန်စွမ်းသောသူများ (IDD) နှင့် သူတို့ မိသားစုများအတွက် ဝန်ဆောင်မှုများနှင့် ထောက်ပံ့မှုများ၏ စနစ်အားပြောင်းလဲရန် ဆန္ဒရှိကြသည်။ ဤအပြောင်းအလဲ၏ အစိတ်အပိုင်း အနေဖြင့် DDRS’ Bureau of Developmental Disabilities Services (BDDS) သည် ၎င်း Medicaid Home and Community-Based Services (HCBS) ခွင့်ပြုပုံစံများအား ပြန်လည်မွမ်းမံရန် လုပ်ဆောင်နေသည်။ ဤကြိုးစားအား ထုတ်မှုအားလုပ်ဆောင်ရန် DDRS သည် Human Services Research Institute (HSRI) နှင့် စီမံကိန်းကျွမ်းကျင်သူများ အဖွဲ့မှ အကူအညီရရန် ရှာဖွေခဲ့သည်။ ထိုခွင့်ပြုပုံစံပြန်လည်မွမ်းမံခြင်းအား ၂၀၁၉ တွင် စတင်မှုပြုခဲ့ကြသည်။

ထိုနွေဦးကာလမှစတင်၍ အင်ဒီးယားနားတွင်ရှိသော လက်ရှိခွင့်ပြုချက်ပုံစံအားနားလည်ရန်နှင့် အင်ဒီးယားနားတွင်ရှိလာမည့် သူတို့အနာဂတ် ဝန်ဆောင်မှုများ ရည်မှန်းချက်အကြောင်းကိုပါ DDRS/BDDS နှင့်အတူလေ့လာကြသည်။ ထိုအဖွဲ့သည် အခြားပြည်နယ်များတွင်အသုံး ပြုနေသော ခွင့်ပြုချက်ပုံစံများနှင့် ဝန်ဆောင်မှုများကိုပါ သုတေသနပြုခဲ့ကြပြီး လွန်ခဲ့သောနှစ်အနည်းငယ်တွင် IDD တွင်ရှိနေသောသူများ၊ သူတို့ မိသားစုများ၊ ဝန်ဆောင်မှုပေးနေသောသူများ၊ အမှုတွဲမန်နေဂျာများနှင့်ပြည်နယ်ဝန်ထမ်းများနှင့်အတူ တုန့်ပြန်မှုစစ်ဆေးခြင်းအား ဝေငှခဲ့သည်။ ဤကနဦး ယေဘူယျသဘောထားဆိုင်ရာစာတမ်းသည် လုပ်ဆောင်မှုများ၏ရလဒ်များအားဝေငှခြင်းနှင့် လက်ရှိတွင် ဖြစ်နိုင်ခြေ ရှိသောရွေးချယ်မှုများ ခွင့်ပြုချက်ပုံစံပြန်လည်မွမ်းမံခြင်းအတွက်ဖြစ်သည်။

ဤယေဘူယျသဘောထားဆိုင်ရာစာတမ်းသည် ဤဖြစ်နိုင်ခြေရှိသော ရွေးချယ်မှုများတွင် သင့်အတွးအခေါ်များနှင့် ယူဆချက်များအား ဝေငှရန် အခွင့်အရေးတစ်ခုအဖြစ် ပေးထားသည်။ *ဤ ယေဘူယျသဘောထားစာတမ်း၏ အစိတ်အပိုင်းအဖြစ် ဖော်ပြထားခြင်းမရှိပါက နောက်ဆုံး ဆုံးဖြတ်ချက်အဖြစ် ရှုမြင်သင့်သည်။* DDRS အနေဖြင့် ထိုအပြောင်းအလဲများသည် တစ်ဦးချင်းစီနှင့် မိသားစုများတွင် အပြုသဘော သက်ရောက်မှုတစ်ခုအဖြစ်သေချာစေရန် တုန့်ပြန်မှုကို ရှာဖွေနေသည်။

### အဓိကသော့ချက်မေးခွန်းများ

စာတမ်းတစ်ခုလုံးတွင် အဓိကသော့ချက်မေးခွန်းများအား အကွက်များနှင့်အတူ သင်တွေ့ရလိမ့်မည်။ ထိုအဓိကသော့ချက်မေးခွန်းများ၏ ရည်ရွယ်ချက်မှာ သင့်တုန့်ပြန်မှုတွင် သင်ဝေငှလိုသောအရာများ၏ အမျိုးအစားအကြောင်းအား သင်စဉ်းစားရန် ကူညီဖို့ဖြစ်သည်။ ထိုမေးခွန်းများအတွက် သင်၌အကန့်အသတ်ရှိမည်မဟုတ်သဖြင့် သင့်အတွေးအထင်များအားလုံး သို့မဟုတ် တစ်ခုခုဝေငှရန်အား ပေးထားခြင်းဖြစ်သည်။

## အင်ဒီးယားနားအတွက် DDRS မျှော်မှန်းချက်

ဤခွင့်ပြုချက်ပုံစံပြန်လည်မွမ်းမံရေးဆွဲခြင်းအားထုတ်မှုသည် DDRS တွင် ပြုလုပ်နေသော ပိုမိုကျယ်ပြန့်သည့် ပြောင်းလဲမှုတစ်ခု၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်။ ညာဘက်တွင်ဖော်ပြထားသော DDRS မျှော်မှန်းချက်နှင့် ရည်ရွယ်လုပ်ဆောင်ချက်ထုတ်ပြန်ချက်များသည် ပြုပြင်ပြောင်းလဲမှုအား လမ်းပြပေးသည်။ DDRS ၏ အခြေခံဦးတည်ချက်သည် တစ်ဦးချင်းစီများနှင့် မိသားစုများ သူတို့ကောင်းမွန်သော ဘဝတစ်ခု၏ မျှော်မှန်းချက်သို့ရောက်ရန် ထောက်ပံ့ပေးသည်။

*မျှော်မှန်းချက်။* လူအားလုံးသည် သူတို့၏ အသက်ရှင်ရန်၊ ချစ်ရန်၊ အလုပ်လုပ်ရန်၊ သင်ယူရန်၊ အစီအစဉ်စွဲရန်နှင့် သူတို့အိပ်မက်များအတိုင်း လိုက်ပါလုပ်ဆောင်နိုင်ရန်။

*ရည်ရွယ်လုပ်ဆောင်ချက်။* မသန်စွမ်းသောသူအယောက်စီတိုင်းနှင့် သူတို့မိသားစုများအား ပြည့်ဝသောအသက်တာများသို့ ဦးတည်ရန် အခွင့်အလမ်းများကို DDRS မှ မြှင့်တင်ပေးပြီး ပံ့ပိုးမှုအတွက် ပူးပေါင်းလက်တွဲမှုများဖြင့် လုပ်ဆောင်ရန်။

DRAFT

## DDRS ဦးတည်ချက်များ /အကြောင်းအရာများ

DDRS သည် ပြင်ပကျွမ်းကျင်သူ အကူအညီအတွက် သူတို့မူလ တောင်းဆိုမှုတွင် ခွင့်ပြုချက်ပုံစံပြန်လည်မွမ်းမံရေးဆွဲခြင်းအတွက် ဦးတည်ချက်အတွဲတစ်ခုအား ချမှတ်ပြီးဖြစ်သည်။ ထိုဦးတည်ချက်များမှာ

- တစ်ဦးချင်းစီဗဟိုပြုသောအစီအစဉ်ဆွဲခြင်းအား တိုးမြှင့်ခြင်း
- စောင့်ရှောက်မှု၏ တန်းတူရည်တူရှိမှုအား တိုးတက်စေခြင်း
- လူ့အသိုင်းအဝိုင်း ပူးပေါင်းပါဝင်ခြင်းအား တိုးမြှင့်ခြင်း
- အသင်းဝင်အတွေ့အကြုံအား တိုးစေခြင်း
- ဝန်ဆောင်မှုပေးသူများအရည်အသွေးထိန်းသိမ်းခြင်း (နှင့် လုပ်နိုင်စွမ်းအား တိုးမြှင့်ခြင်း)
- HCBS စည်းမျဉ်းများအားလိုက်နာခြင်း
- အချိန်တိုအတွင်း အကျိုးရှိမှုအား မြှင့်တင်ခြင်း

# ပြန်လည်မွမ်းမံခြင်းအတွက် မျှော်မှန်းချက်တစ်ခု

ဤအပိုင်းသည် DDRS အပြောင်းအလဲများလုပ်ရန် စဉ်းစားနေခြင်း၏ အမျိုးအစားများအားရှင်းပြထားပြီး ဖြစ်နိုင်ခြေရှိသော အပြောင်းအလဲများအတွက် ကျယ်ပြန့်သောအတွေးအခေါ်များနှင့် သက်ဆိုင်သူများအတွက် စဉ်းစားရန်အတွက် သီးခြားရွေးချယ်မှုများအချို့ နှစ်ခုစလုံးအား ပေးထားသည်။ ဤအဓိကအကျဉ်းချုပ်တွင် ကျွန်ုပ်တို့သည် လက်ရှိခွင့်ပြုချက်ပုံစံအား ပြောင်းရန်ဖြစ်နိုင်ခြင်း၊ တတိယ ခွင့်ပြုချက်ပုံစံတစ်ခုအား ထည့်သွင်းရန်ဖြစ်နိုင်ခြင်း၊ လက်ရှိဝန်ဆောင်မှုများအား မြှင့်တင်ရန်နည်းလမ်းများနှင့် ဝန်ဆောင်မှုအသစ်များဖြစ်နိုင်ခြေတို့အား ဆွေးနွေးကြမည် ဖြစ်သည်။

လက်ရှိတွင် အင်ဒီးယားနား၌ IDD ရှိသော လူအယောက်တိုင်းစီအား ဝန်ဆောင်ခြင်းအတွက် Medicaid HCBS ခွင့်ပြုချက်ပုံစံများ နှစ်ခုရှိသည် —Family Supports Waiver (FSW) နှင့် Community Integration and Habilitation Waiver (CIH). စီမံကိန်းအဖွဲ့တွင် ပြန်လည်မွမ်းမံရေးဆွဲခြင်း၏ အစိတ်အပိုင်းအနေဖြင့် ခွင့်ပြုချက်ပုံစံများအား ပြုလုပ်ခြင်းအတွက် မတူသောရွေးချယ်ခြင်းများ သို့မဟုတ် လမ်းကြောင်းများနှစ်ခုအဖြစ် သတ်မှတ်ထားပြီး ထိုအရာများအား အောက်တွင် ဖော်ပြထားသည်။ ထိုလမ်းကြောင်းနှစ်ခုသည် ခွင့်ပြုချက်ပုံစံအရေအတွက်နှင့် ဖွဲ့စည်းပုံလေ့လာနိုင်ရန် တည်ခုတည်းအတွက် ဖြစ်နိုင်သည်။ လာမည့်အပိုင်းတွင် ဆွေးနွေးမည့် အဆိုပြုထားသည့် ဝန်ဆောင်မှုများအား လမ်းကြောင်းနှစ်ခုအနက် တစ်ခုတွင်ရရှိနိုင်သည်။

## လမ်းကြောင်း ၁



| ခွင့်ပြုချက်ပုံစံ ၁<br>1915 (c)<br>သင့်လျော်သောတစ်ဦး ချင်းစီများအားလုံး | ခွင့်ပြုချက်ပုံစံ ၂<br>1915 (c)<br>သင့်လျော်သောတစ်ဦး ချင်းစီများအားလုံး |
|---|---|

DRAFT

လမ်းကြောင်း ၁ သည် လက်ရှိဖွဲ့စည်းပုံသို့ ဆင်တူစွာလုပ်ဆောင်သည်။ လမ်းကြောင်း ၁၏ အစိတ်အပိုင်းအရ **Family Supports Waiver** သည် ခွင့်ပြုချက်ပုံစံ ၁ နှင့် အစားထိုးလိမ့်မည်ဖြစ်သည်။ ထိုခွင့်ပြုချက်ပုံစံအသစ်တွင် အယောက်တိုင်းသည် အသစ်ပြုလုပ်ထားခြင်းတစ်ခုနှင့်အတူ သတ်မှတ်ပေးထားသော ဘတ်ဂျက်တစ်ခုဆက်လက်ရရှိနေမည်ဖြစ်ပြီး စနစ်တကျစီစဉ်တိုးချဲ့ထားသည့်ဝန်ဆောင်မှုများရှိမှုသည် သူတို့တစ်ဦးချင်းစီ၏ ရည်မှန်းချက်နှင့် လိုအပ်ချက်များအကောင်းဆုံးရောက်ရန် ဖြစ်သည်။ သတ်မှတ်ပေးထားသောဘတ်ဂျက် ပမာဏသည် ယခုအချိန်တွင် သတ်မှတ်ဖော်ပြထားခြင်းမရှိသေးပေ။ ထိုအရာသည် တူညီစွာဆက်ရှိနိုင်ခြင်း သို့မဟုတ် ပြောင်းလဲခြင်း ဖြစ်နိုင်သည်။

**Community Integration and Habilitation** ခွင့်ပြုချက်ပုံစံသည်  ခွင့်ပြုချက်ပုံစံ ၂ နှင့် အစားထိုးနိုင်သည်။ ခွင့်ပြုချက်ပုံစံအသစ်အောက်တွင် သူတို့လက်ခံရရှိသော ထောက်ပံ့မှုပမာဏစုစုပေါင်းသည် ယခုလက်ရှိသုံးနေသောပုံစံ **(Objective Based Allocation** သို့မဟုတ် **OBA** ဟုခေါ်သော**)** စဉ်းစားခြင်းတွင် ဆက်ရှိလိမ့်မည်ဖြစ်ပြီး ဝင်ခွင့်သည် ဦးစားပေး အမျိုးအစား သတ်မှတ်ချက်အားဖြင့် စဉ်းစားဆုံးဖြတ်ခြင်း ရှိနေဦးမည်ဖြစ်သည်။ ဦးစားပေး အမျိုးအစား သတ်မှတ်ချက်သည် စီစစ်သတ်မှတ်မည်ဖြစ်ပြီး တုန့်ပြန်မှုရရှိခြင်းအပေါ်အခြေခံ၍ စီစစ်တည်းဖြတ်ခြင်းဖြစ်နိုင်သည်။ ဤခွင့်ပြုချက်ပုံစံတွင်ရှိသော အယောက်တိုင်းစီသည် အသစ်ပြုလုပ်ပေးခြင်း၊ စနစ်တကျစီစဉ်တိုးချဲ့ထားသည့်ဝန်ဆောင်မှုများ ရှိမှုတစ်ခုရရှိရန်အတွက်လည်း ရှိနိုင်သည်။

အကယ်၍ ထောက်ပံ့မှုရွေးချယ်ခြင်းများအား အသစ်မှ အဓိကအားဖြင့် ပို၍ လိုက်လျောညီထွေရှိခြင်းလိုအပ်ချက် ရှိခဲ့သော် ဤလမ်းကြောင်းသည် လိုက်ခဲ့ပြီးဖြစ်ပြီး စနစ်တကျစီစဉ် တိုးချဲ့ထားသည့်ဝန်ဆောင်မှုများရှိသည်။

## လမ်းကြောင်း ၂




လမ်းကြောင်း ၂သည် လမ်းကြောင်း ၁ ကဲ့သို့ တူညီသောခွင့်ပြုချက်ပုံစံများနှစ်ခုရှိလိမ့်မည်။ သို့သော် ထိုအရာတွင် တတိယ ခွင့်ပြုချက်ပုံစံတစ်ခု ထပ်လောင်းပါဝင်သည်။ တတိယခွင့်ပြုချက်ပုံစံသည် **FSW** နှင့် **CIH** အကြားတွင် လက်ရှိတည်ရှိနေသောထောက်ပံ့မှုများတွင်ရှိသော ကွာဟမှုများအား ဖော်ပြလိမ့်မည်။

လမ်းကြောင်း ၂ အောက်တွင် အလယ်တွင်ရှိသော ခွင့်ပြုချက်ပုံစံ (ခွင့်ပြုချက်ပုံစံ ၂) သည် နှစ်စဉ်ဘတ်ဂျက်တိုးလာခြင်းတစ်ခုနှင့် ထပ်လောင်းဝန်ဆောင်မှုရွေးချယ်ခြင်းများနှင့်အတူ ထပ်လောင်းထောက်ပံ့မှုများအတွက် ခွင့်ပြုလိမ့်မည်။ နှစ်စဉ်ဘတ်ဂျက်ပမာဏဆက်စပ်နေစဉ်တွင် ခွင့်ပြုချက်ပုံစံတိုင်းသည် စဉ်းစားဆုံးဖြတ်ရန်လိုအပ်လိမ့်မည်ဖြစ်ပြီး ထိုအရာသည် ခွင့်ပြုချက်ပုံစံ ၁ နှင့် ခွင့်ပြုချက်ပုံစံ ၂ တွင် သူတို့ကိုယ်ပိုင်သတ်မှတ်ပေးထားသော နှစ်စဉ်ဘတ်ဂျက်ရှိမည်ဖြစ်ပြီး ခွင့်ပြုချက်ပုံစံ ၂ သည် ခွင့်ပြုချက်ပုံစံ ၁ ထက် မြင့်နေခြင်းနှင့်အတူဖြစ်လိမ့်မည်။

ထိုခွင့်ပြုချက်ပုံစံများအတွက် သတ်မှတ်ပေးထားသောနှစ်စဉ်ဘတ်ဂျက်အား ထပ်လောင်းရှာဖွေရန်  ခွင့်ပြုချက်ပုံစံတစ်ခုစီတိုင်းသို့ ဝင်ရောက်ရန် အမျိုးအစားသတ်မှတ်ချက်အတွက် စဉ်းစားဆုံးဖြတ်ခြင်းလည်း လိုအပ်လိမ့်မည်ဖြစ်သည်။ ထိုအရာသည် ပါဝင်သူများအားလုံး မသန်စွမ်းသူအယောက်တိုင်းစီနှင့် သူတို့မိသားစုများ အပါအဝင် လေးလေးနက်နက်ရှာဖွေရန်အရေးကြီးခြင်း၊ ခွင့်ပြုပုံစံတစ်ခုစီတိုင်းအတွက်ဝင်ရောက်ရန် အမျိုးအစားသတ်မှတ်ချက်အား မည်ကဲ့သို့ ဘယ်လို အကောင်းဆုံး ဆုံးဖြတ်မှသာ ထိုလူတစ်ဦးစီတိုင်းသည် သူတို့အတွက် သင့်တော်၍ အဓိပ္ပါယ်ပြည့်ဝသော အထောက်အပံ့များကိုရရှိနိုင်မည်ဖြစ်သည်။

**အဓိကသော့ချက်မေးခွန်း**

- အင်ဒီးယားနားတွင် မည်သည့်ခွင့်ပြုပုံစံလမ်းကြောင်းက အကောင်းဆုံးအလုပ်ဖြစ်လိမ့်မည်ဟု သင်ခံစားရပါသနည်း။

DDRS ခွင့်ပြုချက်ပုံစံတွင်ပါဝင်သော ခွင့်ပြုချက်ပုံစံများတွင်ပြန်လည်မွမ်းမံရေးဆွဲထားခြင်းသည် ကလေးများနှင့် အရွယ်ရောက်သူများ နှစ်ခုစလုံးအတွက်ဝန်ဆောင်ရန်ဖြစ်သည်။ အလေးထားသတိပြုရန်မှာ FSSA သည် ကလေးများနှင့် မိသားစုများအတွက် ဘက်စုံပေါင်းစည်းထားခြင်းနှင့် ပြည့်စုံသောဝန်ဆောင်မှုစနစ်တစ်ခု ဖွံ့ဖြိုးရန် အခွင့်အရေးများအား ရှာဖွေနေခြင်းဖြစ်သည်။ ဤအရာသည် FSSA တစ်ခု ကျယ်ပြန့်သော ပဏာမခြေလှမ်းဖြစ်ပြီး ထိုအရာသည် လက်ရှိပြန်လည်မွမ်းမံရေးဆွဲသော ခွင့်ပြုချက်ပုံစံ၏ အစိတ်အပိုင်းတစ်ခု <u>မဟုတ်ပေ</u>။ DDRS သည် ဆက်လက်၍ FSSA ဦးဆောင်မှုနှင့်အတူ ကလေးများနှင့်မိသားစုများတွင် သူတို့အသက်ရှင်ရန် လက်ရှိ ခွင့်ပြုချက်ပုံစံ ပြန်လည်မွမ်းမံရေးဆွဲခြင်းအားဖြင့် သူတို့၏ကောင်းသောဘဝတစ်ခု၏ မျှော်မှန်းချက် လိုအပ်ခြင်းအားထောက်ပံ့ရန် သေချာစေမှုကိုလည်း အားထုတ်လုပ်ဆောင်ခြင်းဖြစ်သည်။ ပိုမိုသော သတင်းအချက်အလက်များအတွက် ပြည့်စုံသော ယေဘူယျသဘောထားစာတမ်းတွင်ရှိ နောက်ဆက်တွဲ A တွင်ရှိသည်။

## အမှုကိစ္စ စီမံခန့်ခွဲခြင်း

အမှုကိစ္စစီမံခန့်ခွဲခြင်းနှင့် ဝန်ဆောင်မှုညှိနှိုင်းဆောင်ရွက်ခြင်းများသည် မည်သည့်ဝန်ဆောင်မှုတွင်မဆို အလွန်အရေးကြီးသော လုပ်ဆောင်ခြင်းများဖြစ်သည်။ အမှုကိစ္စစီမံခန့်ခွဲခြင်းများသည် မသန်စွမ်းသောသူများနှင့် သူတို့မိသားစုအတွက် ဆက်သွယ်ခြင်း၏ အဓိက အချက်အချာဖြစ်သည်။ ထိုမသန်စွမ်းသောသူများနှင့် မိသားစုများသည် အမှုကိစ္စကိုင်တွယ်သူမန်နေဂျာတစ်ယောက် ဖြစ်သော "လုပ်ငန်းစဉ်၏ လက်တွဲဖော်တစ်ယောက်" – ခက်ခဲရှုပ်ထွေးသော ဝန်ဆောင်မှုတစ်ခုပုံစံတွင် သူတို့အား ကူညီလမ်းပြရန် မကြာခဏသူတို့ အားကိုးနိုင်သည်။ အမှုကိစ္စကိုင်တွယ်သူမန်နေဂျာ၏ လက်ရှိလုပ်ဆောင်ရသော အခန်းကဏ္ဍများတွင် များစွာသော မတူညီသည့် ကဏ္ဍများနှင့် တာဝန်ဝတ္တရားများရှိသည်။ ပါဝင်သည်များမှာ –

- လူတစ်ဦးစီတိုင်းအတွက် သူတို့လိုအပ်ချက်များအား ခွဲခြားပေးပြီး သူတို့အား ထိုလိုအပ်ချက်များရရှိရန် ဝန်ဆောင်မှုများနှင့် ထောက်ပံ့ပေးမှုများဖြင့် ဆက်စပ်ပေးခြင်း
- လူတစ်ဦးအားဗဟိုပြုသောဝန်ဆောင်မှုအစီအစဉ်ရေးဆွဲခြင်းလုပ်ငန်းစဉ်အား ဦးဆောင်လမ်းပြခြင်း
- ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးအား စောင့်ကြည့်စစ်ဆေးပေးခြင်း
- ဝန်ဆောင်မှုအစီအစဉ်အရ ဝန်ဆောင်မှုများအား ပို့ဆောင်ပေးရန် သေချာစေခြင်း
- ပေးရခြင်း သို့မဟုတ် မပေးရခြင်းအထောက်အပံ့များ၏ စနစ်တကျစီစဉ်ထားရှိခြင်း အသီးသီး၌ ညှိနှိုင်းဆောင်ရွက်ခြင်း
- ရှုပ်ထွေးသော လိုအပ်ချက်များနှင့် ပတ်သက်ဆက်နွယ်ခြင်းများအား ကိုင်တွယ်ခြင်း
- အရေးတကြီးလိုအပ်ချက်များနှင့် ဘေးရောက်ကာလအား တုန့်ပြန်ခြင်း
- ထောက်ပံ့ပေးနေသောသူများအတွက် ဘက်လိုက်ပြောဆိုပေးခြင်း

**အဓိကသော့ချက်မေးခွန်း**

- အင်ဒီးယားနားတွင် ဘယ်လိုထောက်ပံ့ခြင်းမျိုးများအား အမှုကိစ္စစီမံခန့်ခွဲခြင်းတွင် သင်မြင်တွေ့လိုသနည်း။

## ကိုယ်တိုင်လမ်းညွှန်မှု

ဤပြန်လည်မွမ်းမံရေးဆွဲခြင်း၏ အားထုတ်မှုအစိတ်အပိုင်းအရ DDRS အစီအစဉ်များ၊ ပထမဆုံးအကြိမ်အတွက် ကိုယ်တိုင်လမ်းညွှန်မှု ရွေးချယ်ခြင်းများအား စတင်ထည့်သွင်းရန်ဖြစ်သည်။ ကိုယ်တိုင်လမ်းညွှန်မှုသည် အယောက်တိုင်းစီနှင့် မိသားစုများအား ဘယ်သူနှင့် သူတို့ဝန်ဆောင်မှုများအား ဘယ်လိုပေးသည်ဆိုသည့်အပေါ်တွင် ပို၍ထိန်းချုပ်ရန်ပေးခြင်းဖြစ်သည်။ ကိုယ်တိုင်လမ်းညွှန်မှုသည် လူတစ်ယောက်ရရှိသည့် ဝန်ဆောင်မှုများအား သူတို့ဘတ်ဂျက်အပေါ်တွင် လုံးဝထိန်းချုပ်ရန် ခွင့်ပြုပြီး ပြန်လည်နေရာချထားခြင်း၊ အလုပ်ခန့်ခြင်းနှင့် သူတို့အား

DRAFT

ထောက်ပံ့ပေးနေသည့်ဝန်ထမ်းအား အစားထိုးခြင်းတာဝန်များနှင့်အတူ လုပ်ရှင်တစ်ယောက်ကဏ္ဍများအားလုံး အတွက်လည်း တာဝန်ရှိသည်။ DDRS အနေဖြင့် အနာဂတ်တွင် ဤဝန်ဆောင်မှုအမျိုးအစားအား ပေးရန်ဆက်လက်လုပ်ဆောင်လိုပြီး ဤအစီအစဉ်အမျိုးအစားသည် ပါဝင်ထားသောအစိတ်အပိုင်းများ တိုးတက်ခြင်းလိုအပ်ချက်များတည်ဆောက်ရန်မှာ ခွင့်ပြုချက်ပုံစံပြန်လည် မွမ်းမံရေးဆွဲခြင်းအတွက် အချိန်ကာလလိုအပ်ခြင်းတစ်ခုမဟုတ်ပေ။ ထို့ကြောင့် စီမံကိန်းအဖွဲ့၌ ယခုတွင် ထပ်ထည့်နိုင်သော ဖြစ်နိုင်သည့် ရွေးချယ်မှုများနှစ်ခုအား သတ်မှတ်ထားပြီး ထိုအရာသည် ကိုယ်တိုင်လမ်းညွှန်မှု အစိတ်အပိုင်းများရှိမည်ဖြစ်ပြီး အယောက်တိုင်းစီနှင့် မိသားစုများပို၍ ထိန်းချုပ်နိုင်ရန်နှင့် လိုက်လျောညီထွေရှိမှုအား ပေးရန်ဖြစ်သည်။ ထိုရွေးချယ်ခြင်းများအား Participant-Directed Goods and Services နှင့် Agency with Choice ဟုခေါ်သည်။

Participant-Directed Goods and Services သည် မသန်စွမ်းသူများ၏ မသန်မစွမ်းဖြစ်ခြင်းအကြောင့် လိုအပ်မှုတစ်ခုအတွက် ဝန်ဆောင်မှုများနှင့် အသုံးအဆောင်များရရန် ပါဝင်သောသူများအား ခွင့်ပြုလိမ့်မည်။ သို့သော် ဤအရာသည် ပုံမှန်အားဖြင့် Medicaid (မယ်ဒီကိတ်) အားဖြင့် ပေးခြင်းမဟုတ်ပေ။ ကုန်ပစ္စည်းဥပမာများအားဖြင့် သင်ဝယ်ယူနိုင်သည့် အထူးပစ္စည်းကိရိယာ၊ ဖြစ်ရပ်တစ်ခုသို့ဖြတ်ခြင်း သို့မဟုတ် ထုတ်ကုန်များ စသည်ဖြင့်ဖြစ်သည်။ ဝန်ဆောင်မှုများ၏ ဥပမာများမှာ အားကစားအသင်းဝင်ခြင်း သို့မဟုတ် အိမ်သန့်ရှင်းခြင်းတို့ ဖြစ်နိုင်သည်။ ထိုဝန်ဆောင်မှုမှတစ်ဆင့် ဝယ်ယူနေသော ပစ္စည်းများနှင့် ဝန်ဆောင်မှုများသည်  တစ်ဦးချင်းစီတို့၏ သူတို့အိမ်အခိုကင်းစွာ ရှိခြင်းအား ထိန်းသိမ်းထားခြင်း သို့မဟုတ် တိုးလာစေခြင်းအား ကူညီပေးပြီး  ပန်းတိုင်တစ်ခုသို့ချိတ်ဆက်ခြင်း သို့မဟုတ် သူတို့၏ Person-Centered Individualized Support Plan (PCISP) တွင် မှတ်တမ်းတင်ရန်လိုအပ်ခြင်း သတ်မှတ်ချက်အတွက်ဖြစ်သည်။

Agency with Choice သည် တစ်ဦးချင်းစီတိုင်း၌ သူတို့ဝန်ဆောင်မှုများတွင် ပို၍ထိန်းချုပ်မှုရှိကာ သူတို့ ဝန်ဆောင်မှုပေး သူများနှင့်အတူ တွဲဖက်အလုပ်ရှင်ဖြစ်လာခြင်းအားဖြင့် ဖြစ်စေရန် ပုံစံပြုထားခြင်းတစ်ခုဖြစ်သည်။ တစ်ဦးချင်းစီတိုင်းနှင့် မိသားစုများသည် သူတို့ဝန်ထမ်းအားရွေး ချယ်ရန်၊ သူတို့ဝန်ထမ်းများနေ့စဉ်လုပ်ဆောင်မှုများအား ညွှန်ကြားရန်နှင့် သူတို့ကိုယ်ပိုင်တိကျသောထောက်ပံ့မှုလိုအပ်ချက်များတွင် ဝန်ထမ်း များအားသင်ပေးရန် အစွမ်းရရှိလိမ့်မည်ဖြစ်သည်။ အကူအညီပေးနေသော အေဂျင်စီသည် လုပ်ရမည့်အရာများအတွက် စာရွက်စာတမ်းပြုလုပ်ခြင်း၊ နောက်ကြောင်းရာဇဝင်စစ်ဆေးခြင်းပြီးဆုံးမှုအပါအဝင်၊ သတ်မှတ်သင်တန်းပေးခြင်းနှင့် အလုပ်သမား ငွေပေးချေခြင်းကဏ္ဍများအားလုံး အား တာဝန်ယူမည်ဖြစ်သည်။ ဤအရာသည် ပါဝင်သူမှ သူတို့ရရှိသည့် စောင့်ရှောက်မှုအား အလုပ်ရှင်မှ တစ်ဦးတည်းလုပ်ဆောင်နေပြီး အလုပ်ဝန်ပိနေခြင်းနှင့်ပတ်သက်မှုမပါပဲ ပါဝင်သူမှ ညွှန်ကြားရန်ခွင့်ပြုသော အကျိုးကျေးဇူးပါဝင်သည်။

**အဓိကသော့ချက်မေးခွန်း**

- Participant-Directed Goods and Services service နှင့် Agency of Choice help တို့ထည့်သွင်းခြင်းသည် တစ်ဦးချင်းစီအား သူတို့လိုအပ်ချက်များသို့ရောက်ရန်တွင် ပို၍ရွေးချယ်ခြင်းနှင့် ထိန်းချုပ်ခြင်းများရရန် ကူညီသလား။

## ဝန်ဆောင်မှုအပြောင်းအလဲများ

တစ်ဦးချင်းစီများနှင့် မိသားစုများသည် ထိုရနိုင်သောဝန်ဆောင်မှုများနှင့် ဆက်စပ်လျှက်ရှိသော ခွင့်ပြုချက်ပုံစံနှင့်အတူ လိုချင်သောအပြောင်း အလဲများ ပမာဏတစ်ခုဖြစ်သည်။ ဝန်ဆောင်မှုဆိုင်ရာ အပြောင်းအလဲများကိုစဉ်းစားသည့်အခါ စီမံကိန်းအဖွဲ့သည် ဝန်ဆောင်မှုရွေးချယ်စရာ များကို မြှင့်တင်ရန် နည်းလမ်း လေးခုအားဖော်ထုတ်ခဲ့သည်။

၁။ ဝန်ဆောင်မှုအမည်များကို ရှင်းပြခြင်း

သက်ဆိုင်သူများမှ ခံစားနေကြရသော လက်ရှိဝန်ဆောင်မှုများသည် ကောင်းစွာလုပ်ဆောင်နေခြင်း သို့မဟုတ် ထိုအရာတွင် အသေးစားပြောင်းလဲခြင်းသာလျှင်လိုအပ်သည်ဆိုသည့်အတွက် စီမံကိန်းအဖွဲ့သည် ဝန်ဆောင်မှုအမည်များနှင့် ပို၍ရှင်းလင်းသော အဓိပ္ပါယ်ဖွင့်ဆိုချက်များအား ဖော်ထုတ်ရန် ပြုလုပ်ခဲ့ကြသည်။ ဤအရာသည် တစ်ဦးချင်းစီနှင့် မိသားစုများအနေဖြင့် မည်သည့်ဝန်ဆောင်မှုများက သူတို့လိုအပ်ချက်များကို အကောင်းဆုံး ကိုက်ညီမှုရှိသည်ကို လွယ်သူစွာ သတ်မှတ်ရန်ဖြစ်သည်။ ဥပမာအားဖြင့် Extended Service (တိုးချဲ့ထားသောဝန်ဆောင်မှု) သည် Vocational Rehabilitation (အသက်မွေးဝမ်း

DRAFT

ကြောင်းပြန်လည်ထူထောင်ရေး) မှ အထောက်အပံ့များကုန်ဆုံးပြီးနောက် သို့မဟုတ် အခြားနည်းလမ်းများမှ အလုပ်တစ်ခုရှာတွေ့သောအခါ သူတို့၏အလုပ်နေရာတွင် အကူအညီလိုအပ်သူများကို အလုပ်အကိုင်နည်းပြများ ဆက်လက်လုပ်ဆောင်ပေးသည်။ ဤဝန်ဆောင်မှုကို ဝန်ဆောင်မှုတွင်ပါဝင်သော အကြောင်းအရာများ ပိုမိုကောင်းမွန်စွာဖော်ပြရန် Supported Employment ဟုခေါ်သည်။

၂။ အုပ်စု သို့မဟုတ် ရိုးရှင်းသောဝန်ဆောင်မှုများ

စီမံကိန်းအဖွဲ့သည် ဝန်ဆောင်မှုကမ်းလှမ်းခြင်းများအား ရိုးရှင်းစေရန်နည်းလမ်းတစ်ခုအနေဖြင့် အတူတကွစုစည်းနိုင်သည့် အလားတူဝန်ဆောင်မှုများရှိမရှိ ကြည့်ရှုခဲ့ကြသည်။ ထိုသို့ပြုလုပ်ရန် ကျွန်ုပ်တို့သည် ဝန်ဆောင်မှုများရွေးချယ်ရာတွင် လူများ၏အတွေ့အကြုံများကို ထည့်သွင်းစဉ်းစားခဲ့ကြသည်။ ဥပမာအားဖြင့် “Residential Habilitation and Support” လူနေအိမ်ပြန်လည်ထူထောင်ရေးနှင့်ပံ့ပိုးမှုနှင့် “Residential Habilitation and Support Daily” လူနေအိမ်ပြန်လည်ထူထောင်ရေးနှင့် နေ့စဉ်ပံ့ပိုးမှုအားရွေးချယ်ရန်တောင်းဆိုသောအခါ တစ်ဦးချင်းစီသည်ဘယ်အရာကိုရွေးရန် ဘယ်လိုသိမည်နည်း။ ဤဝန်ဆောင်မှုများအား “Residential Habilitation and Support” လူနေအိမ်ပြန်လည်ထူထောင်ရေးနှင့်ပံ့ပိုးမှု သို့ပေါင်းစပ်လိုက်ခြင်းက ရှုပ်ထွေးမှုကိုလျော့နည်းစေပြီး ရွေးချယ်စရာဝန်ဆောင်မှုများကို ရိုးရှင်းစေသည်။ ၎င်းသည် တစ်ဦးချင်းစီနှင့် မိသားစုအနေဖြင့် မည်သည့်ငွေတောင်းခံလွှာနှင့် ငွေပေးချေမှုပုံစံသည် ၎င်းတို့အတွက် အကောင်းဆုံးဖြစ်မည်ကို ခွဲခြားသတ်မှတ်ရန် သူတို့၏ အမှုတွဲ မန်နေဂျာနှင့်အတူ လုပ်ဆောင်ရန်ခွင့်ပြုခြင်းဖြစ်သည်။

၃။ ဝန်ဆောင်မှုများ ပြောင်းခြင်း သို့မဟုတ် ဖယ်ရှားခြင်း

သက်ဆိုင်သူများ၏ တုန့်ပြန်ချက်များအပေါ်အခြေခံ၍ စီမံကိန်းအဖွဲ့သည် ပိုမိုသိသာသော ပြောင်းလဲမှုများလိုအပ်သည့် ဝန်ဆောင်မှုများကို ဖော်ထုတ်ခဲ့သည်။ ဥပမာအားဖြင့် Family and Caregiver Training (မိသားစုနှင့်စောင့်ရှောက်မှုပေးခြင်းသင်တန်း ) သည် မသုံးချမှုမရှိသောကြောင့် မကြာခဏနားလည်မှုလွဲသော ဝန်ဆောင်မှုဖြစ်သည်။ ပထမဆုံးအနေဖြင့် စီမံကိန်းအဖွဲ့သည် ထိုဝန်ဆောင်မှုကို Family/Caregiver Supports (မိသားစု/ဂရုစိုက်မှုပေးသူအထောက်အပံ့များ) အဖြစ်နာမည်ပြန်ပေးရန် အကြံပြုသည်။ ဤဝန်ဆောင်မှုပေးသည့် ဝန်ဆောင်မှုသည် သင်တန်းများအတွက် အခွင့်အလမ်းများကို တိုးမြှင့်သည့်အပြင် စီမံကိန်းအဖွဲ့သည် အရည်အချင်းတူသူများ၏ ပံ့ပိုးမှုနှင့် အရည်အချင်းတူသူများသင်ကြားရေးကို ထပ်မံထည့်သွင်းခြင်းဖြင့် မိသားစုများကို အခြားမိသားစုများနှင့် ချိတ်ဆက်ရန် အခွင့်အရေးပေးခြင်းဖြစ်သည်။

နောက်ထပ်ဥပမာတစ်ခုမှာ Structured Family Caregiving (မိသားစုစောင့်ရှောက်မှုစနစ်) အား စနစ်တကျပြောင်းလဲခြင်းဖြစ်သည်။ ဤပြောင်းလဲမှုတွင်ပါဝင်သည်မှာ– ဝန်ဆောင်မှု၏ စိတ်ဓါတ်နှင့် ဦးတည်ချက်တို့ကို ရောင်ပြန်ဟပ်စေရန် Structured Family Caregiving (မိသားစုစောင့်ရှောက်မှုစနစ်) မှ Shared Living (ဝေမျှ၍နေထိုင်ခြင်း) သို့ပြောင်းလဲခြင်း။ ပင်ကိုယ်စရိုက်များနှင့် နေထိုင်မှုပုံစံသည် ကောင်းမွန်စွာအတူတကွရှိနေရန် နေရာချထားခြင်းမပြုမီ တစ်ဦးချင်းစီနှင့် မိသားစုများအတွက် ခိုင်မာ၍ ကိုက်ညီသောလုပ်ငန်းစဉ်တစ်ခုလိုအပ်ခြင်းနှင့် တစ်ဦးချင်းစီ၏ အကျိုးကျေးဇူးအတွက်မဟုတ်လျှင် Shared Living (ဝေမျှ၍နေထိုင်ခြင်း) နေရာချထားခြင်းအား လူနှစ်ဦးထက်မပိုအောင် ကန့်သတ်ထားခြင်းဖြစ်သည်။

၄။ ဝန်ဆောင်မှုအသစ်များထပ်တိုးခြင်း

နောက်ဆုံးတွင် စီမံကိန်းအဖွဲ့သည် တစ်ဦးချင်းစီနှင့် မိသားစုများ၏ လိုအပ်ချက်များကိုဖြည့်ဆည်းရန် ဘက်စုံ၊ ပြည့်စုံသောတစ်ဦးချင်းစီအတွက် အထောက်အပံ့များကို ဖြည့်ဆည်းပေးနိုင်မည့် ဝန်ဆောင်မှုများကို ရှာဖွေခဲ့ကြသည်။ စဉ်းစားမှုအောက်တွင် ရှိနေသောပါဝင်သည့် ဝန်ဆောင်မှုအသစ်များမှာ–

**Housing Support Services** (**အိမ်ယာပံ့ပိုးမှု ဝန်ဆောင်မှုများ**) ။ ဤဝန်ဆောင်မှု၏ ရည်မှန်းချက်မှာ IDD ရှိသောသူများအယောက်တိုင်းစီအတွက် ကောင်းမွန်ပြီး တတ်နိုင်သောအိမ်များကိုရှာဖွေရန်နှင့် သူတို့ရရှိပြီးပါက ထိန်းသိမ်းထားရန်ဖြစ်သည်။ ဤအရာအား ဖြစ်မြောက်စေရန် DDRS သည် အိမ်ရာကျွမ်းကျင်မှုရှိသည့် အေဂျင်စီများ၊ ရပ်ရွာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ IDD ရှိသူများအတွက် ထောက်ပံ့မှုစနစ်နှင့် အခွင့်အလမ်းများကို တိုးချဲ့ရန်ဖြစ်သည်။

DRAFT

**Healthy Living Services (ကျန်းမာစွာနေထိုင်ခြင်းဝန်ဆောင်မှုများ)** ။ ဤဝန်ဆောင်မှုတွင် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာကျန်းမာရေး၊ ကောင်းမွန်စွာနေထိုင်ခြင်းကို မြှင့်တင်ပေးသည့် အထောက်အပံ့ကို ရရှိရန် လိုက်လျောညီထွေရှိသော အခွင့်အလမ်းများပေးသည့် ကွဲပြားသောရွေးချယ်စရာများစွာ ပါဝင်နိုင်သည်။ ဤဝန်ဆောင်မှုအတွင်းတွင် တစ်စုံတစ်ဦးသည် အဟာရဆိုင်ရာပညာရေး၊ ဝမ်းနည်းပူဆွေးခြင်းဆိုင်ရာအကြံပေးခြင်း (ချစ်ရသူတစ်ဦး ဆုံးပါးသွားသောအခါအတွက် အကြံပေးနှစ်သိမ့်ခြင်း) ဘေးကင်းပြီး ကျန်းမာသောပတ်သက်မှုများတွင် ပညာပေးခြင်း သို့မဟုတ် အားလုံးသောကျန်းမာရေးနှင့် သာယာဝပြောရေးကို မြှင့်တင်ပေးသည့် အခြားဝန်ဆောင်မှုများကို ရရှိနိုင်သည်။

**Expressive Therapy Services (ခံစားမှုကိုထိထိမိမိပြသော ကုထုံးဝန်ဆောင်မှုများ)** ။ ဤဝန်ဆောင်မှုတွင် စီးနင်းခြင်းကုထုံးဆိုင်ရာကုသခြင်း၊ ဂီတကုထုံး၊ အနုပညာကုထုံး၊ အကနှင့် ရေနေကုထုံးကဲ့သို့ များစွာသော မတူသည့် ဖန်တီးမှုဆိုင်ရာကုထုံးဝန်ဆောင်မှုများ အပါဝင်သည်။

**Peer Support and Community Connection (အဆင့်အတန်းတူထောက်ခံမှုနှင့် အသိုင်းအဝိုင်းဆက်သွယ်မှု)**။ ဤဝန်ဆောင်မှုသည် တစ်ဦးချင်းစီတို့သည် လူမှုအသိုင်းအဝိုင်းသို့သွား၍ သူတို့အတွက် ထောက်ပံ့ရန် ငွေကြေးပေးခြင်းမခံရသောသူများနှင့်အတူ ဆက်ဆံမှုပြုလုပ်ရန် အခွင့်အရေးရှာရန် ကူညီပေးလိမ့်မည်။ ဤဝန်ဆောင်မှုသည် ပါဝင်သူများကို ကျွမ်းကျင်မှုအသစ်များတည်ဆောက်ရန်နှင့် လူ့အသိုင်းအဝိုင်းဘဝတွင် သူတို့ အပြည့်အဝပါဝင်မှုကို ကူညီလိမ့်မည်။ ဥပမာအားဖြင့် ဝန်ဆောင်မှု၏ တစ်စိတ်တစ်ပိုင်းအားဖြင့် အဆင့်အတန်းတူ ဆက်သွယ်သူတစ်ယောက်သည် တစ်စုံတစ်ဦးမှ သူတို့မိသားစုသမိုင်းကြောင်းအား လေ့လာလိုသူတစ်ဦးအား မျိုးရိုးစဉ်ဆက်ကို စိတ်ဝင်စားသူများအတွက် အုပ်စုတစ်ခုကိုရှာဖွေရန် ကူညီသည်။ သူတို့မှ ထိုအုပ်စုဘယ်အချိန်တွေ့မည်၊ ထိုနေရာကို ဘယ်လိုရောက်နိုင်မည်နှင့် ထိုအဖွဲ့နှင့်တွေ့ဆုံပြီး သူတို့အုပ်စုနှင့် အကြိမ်အနည်းငယ် အကျွမ်းတဝင်ရှိရန် ကူညီပေးသည်။

**အဓိကသော့ချက်မေးခွန်း**

- ဒီပြောင်းလဲမှုများအကြံပြုချက်တွေက လက်ရှိသင်မရရှိနေရသည့် သင့်ဘဝလိုအပ်ချက်အချို့ကို ဖြည့်ဆည်းပေးနိုင်မယ်လို့ သင်ထင်သလား။
- ဖော်ပြထားသော ဖြစ်နိုင်ခြေရှိသည့် ပြောင်းလဲထားသော ဝန်ဆောင်မှုအသစ်များတွင် မည်သည့်အရာသည် သင့်အတွက် အရေးအကြီးဆုံးဖြစ်သလဲ။ သင်၌ စဉ်းစားသင့်သည့် အခြားသောဝန်ဆောင်မှုများအတွက် အကြံပြုချက်များရှိပါသလား။
- ဤအပြောင်းအလဲများတစ်ခုခုသည် သင်ဝန်ဆောင်မှုများအားရှာရန် သို့မဟုတ် အသုံးပြုရန် ပို၍ခက်ခဲစေသလား။

## အရည်အသွေးတိုင်းတာမှုများ

ဤခွင့်ပြုချက်ပုံစံပြန်လည်မွမ်းမံခြင်း၏ အစိတ်အပိုင်းတစ်ခုအဖြစ် ထည့်သွင်းစဉ်းစားထားသည့် အပြောင်းအလဲများအားလုံးသည် ဝန်ဆောင်မှုများနှင့် အထောက်အပံ့များအားလုံး၏ အရည်အသွေးအား ပို၍တိုးတက်စေရန် ရည်ရွယ်ထားခြင်းဖြစ်သည်။ လောလောဆယ် အပြောင်းအလဲများကို လက်ရှိခွင့်ပြုချက်ပုံစံသက်တမ်းတိုးခြင်းနှစ်ခုအစိတ်အပိုင်းဖြစ်သော လုပ်ဆောင်မှုတိုင်းတာခြင်းတွင် လုပ်ခဲ့သည်။ ယခုလုပ်ဆောင်မှုတိုင်းတာခြင်းအသစ်တွင်ပါဝင်သည်မှာ–

- သူတို့၏ဝန်ဆောင်မှုများနှင့် ထောက်ပံ့မှုများက သူတို့ကောင်းမွန်သောဘဝတွင်နေထိုင်ရန် ကူညီနေခြင်းဖြစ်ကြောင်း သတင်းပေးသူ တစ်ဦးတစ်ယောက်ချင်းစီများ နမူနာကောက်ထားမှုရာခိုင်နှုန်း
- သူတို့အမှုတွဲမန်နေဂျာမှ သူတို့ဝန်ဆောင်မှုအစီအစဉ်၏ ဘယ်လိုအစိတ်အပိုင်းတွင် သူတို့ရလိုသနည်းအား တုန့်ပြန် ခဲ့သူ ပါဝင်သူများ နမူနာကောက်ထားမှုရာခိုင်နှုန်း
- သူတို့အိမ်တွင် သို့မဟုတ် နေ့လည်ပိုင်းအစီအစဉ်တွင် ကြောက်ရွံ့ခြင်း သို့မဟုတ် ကြောက်ရွံ့မှုမခံစားရသောသူ ပါဝင်သူများခွင့်ပြုချက်ပုံစံ၏ ရာခိုင်နှုန်း

DRAFT

DDRS သည်  ဝန်ဆောင်မှုများအရည်အသွေးကို တိုင်းတာသည့်နည်းလမ်းအား ပြောင်းလဲရန်လုပ်ဆောင်နေပြီး လူတစ်ဦးအာရုံစိုက်ခြင်း အရည်အသွေးတိုင်းတာခြင်းများအား ထည့်သွင်းရန် စီစဉ်နေခြင်း – နှစ်ခုစလုံးသည် ခွင့်ပြုချက်ပုံစံပြန်လည်မွမ်းမံခြင်း၏ စီမံကိန်းအစိတ်အပိုင်းများဖြစ်ပြီး ပို၍ကျယ်ပြန့်လာသည်။ ကျွန်ုပ်တို့သည် သင်အကြံပြုနိုင်မည့် အရည်အသွေးတိုင်းတာခြင်းများကို ကြားလိုပါသည်။ ကျွန်ုပ်တို့တွင် ဝန်ဆောင်မှုများနှင့် ထောက်ပံ့မှုများ၏ အရည်အသွေးတိုင်းတာခြင်းများ၏ အချို့သောနာမူနာများကို ပေးထားပါသည်။

- သူတို့လူမှုအသိုင်းအဝိုင်းများနှင့် အဆက်အသွယ်ရှိသည်ဟုခံစားရသော တစ်ဦးချင်းစီများ၏ အရေအတွက်
- လူမှုရေးအခန်းကဏ္ဍများတွင် တန်ဖိုးထားလေးစားသူ တစ်ဦးချင်းစီများ၏ အရေအတွက်
- သူတို့နေထိုင်ရာနှင့် အလုပ်လုပ်သည့်နေရာအားရွေးချယ်သူ တစ်ဦးချင်းစီများ၏ အရေအတွက်
- ငွေပေးရသော ဂရုစိုက်ပေးသူအပြင် အခြားသောသူများနှင့် မိတ်ဆွေဖြစ်သော တစ်ဦးချင်းစီများ၏ အရေအတွက်
- ကိုယ်တိုင်ထုတ်ဖော်ပြောဆိုခြင်းအုပ်စုများတွင် တက်ကြွစွာပါဝင်သူ တစ်ဦးချင်းစီများ၏ အရေအတွက်
- မသန်မစွမ်းဖြစ်သူတစ်ယောက်မဟုတ်ပဲ ဟုတ်သကဲ့သို့ အသိုင်းအဝိုင်းတွင် တူညီသောအရင်းအမြစ်များကို ရရှိနေသူ တစ်ဦးချင်းစီများ၏ အရေအတွက်

တစ်ဦးချင်းစီများ၏ ဘဝအရည်အသွေးတွင်ရှိသော အပြောင်းအလဲမရှိပဲ ယုံကြည်စိတ်ချရသော သတင်းအချက်အလက်များရယူခြင်းသည် ရေရှည်လုပ်ငန်းစဉ်တစ်ခုဖြစ်သည်။ DDRS သည် ထိုလုပ်ငန်းစဉ်အားလုပ်ဆောင်နေခဲ့သည်။ ထိုလုပ်ငန်းစဉ်တွင် ခွင့်ပြုချက်ပုံစံအပြောင်းအလဲများသည် ပထမဆုံးခြေလှမ်းဖြစ်သည်။

**အဓိကသော့ချက်မေးခွန်း**

- DDRS သည် မည်ကဲ့သို့သော အရည်အသွေးတိုင်းတာခြင်းများကိုသုံး၍ Hoosiers များကောင်းမွန်သောဘဝတစ်ခုတွင်နေထိုင်ရန် သေချာစေသလဲ။
- ပို၍ကောင်းမွန်သော စောင့်ကြည့်မှတ်သားသူစိတ်ချရမှုရရန် DDRS သည် HCBS အခွင့်ပြုချက်ပုံစံ ပို၍အသုံးပြုသော သူအယောက်တိုင်းစီများထံမှ သတင်းအချက်အလက်များရှာဖွေရန် လိုအပ်လိမ့်မည်။ ဤအဖြစ်အပျက်ဘယ်နှစ်ခါလောက်ရှိသင့်သလဲ။
- သင်၏ ထင်မြင်ယူဆချက်များအား DDRS နှင့်တိုက်ရိုက်ဝေငှခြင်းသည် ၎င်း၏ အရည်အသွေးညွှန်းကိန်းများနှင့် လုပ်ဆောင်မှုတိုင်းတာခြင်းများကို ဖော်ပြရန်လိုအပ်သည့် သတင်းအချက်အလက်များကိုရရှိရန် သင်အဆင်ပြေသလား။ ထိုသို့ဆိုလျှင် ထိုမေးခွန်းများကို သင်မည်သူအားမေးမြန်းလိုသနည်း။ (အမှုကိစ္စကိုင်တွယ်သူမန်နေဂျာ၊ သင့်ဝန်ထမ်း၊ DDRS ဝန်ထမ်းတစ်ယောက်၊ တစ်စုံတစ်ယောက်)

## အခြားတိုးတက်မှုအားထုတ်ခြင်းများ

မသန်စွမ်းသောသူများ၊ သူတို့မိသားစုများ၊ ပံ့ပိုးပေးသူများ၊ အမှုကိစ္စကိုင်တွယ်သူမန်နေဂျာများနှင့် အခြားသောသူများသည် ခွင့်ပြုချက်ပုံစံပြန်လည်မွမ်းမံခြင်းမှတစ်ဆင့် ပြောင်းလဲ၍မရနိုင်သော အပြောင်းအလဲများပြုလုပ်၍မရကြောင်း ထုတ်ဖော်ပြောကြားခဲ့ကြသည်။ DDRS သည် တစ်ဦးချင်းစီများနှင့် သူတို့မိသားစုများ သူတို့အကောင်းဆုံးဘဝတွင်နေထိုင်ရန် အထောက်အပံ့အတွက် အင်ဒီးယားနားဖွဲ့စည်းပုံ၏ အခြားသောနေရာများကို ပြောင်းလဲခြင်းတွင်ကူညီရန် ကတိကဝတ်ပြုထားသည်။ အခြားတိုးတက်မှုများ အားထုတ်ခြင်းနှင့်ပတ်သက်၍ နောက်ထပ်အချက်အလက်များအတွက် အပြည့်အစုံယေဘူယျသဘောထားစာတမ်း၏ အပိုဒ် 2.4 (၂.၄) တွင်ကြည့်ပါ။

# ရှေ့ဆက်မည့်လမ်းကြောင်း

DDRS သည် ဤယေဘူယျသဘောထားစာတမ်းတွင် ဖော်ပြထားသော ရွေးချယ်စရာများအပေါ် ပြည်သူသိရှိရန် ရှာဖွေသည်။ တိုးတက်မှုနှင့်ပတ်သက်၍ အသိပေးခြင်းရှိနေရန်နှင့် တုန့်ပြန်ခြင်းကိုပေးရန် နည်းလမ်းများစွာရှိလိမ့်မည်။ သင့်အတွက် အကောင်းဆုံးအလုပ် ဖြစ်မည့်အရာကို သင်ရွေးချယ်နိုင်သည်။

DRAFT

- **အများပြည်သူ ဆက်သွယ်ရေး လမ်းကြောင်းများ။** DDRS သည် ထိုခွင့်ပြုချက်ပုံစံပြန်လည်မွမ်းမံခြင်းနှင့်ပတ်သက်သော သတင်းအချက်အလက်များအား DDRS ဝက်ဘ်ဆိုဒ်၊ DDRS ကြေငြာချက်များ၊ IN ဗွီးရှင်းသတင်းစာနှင့် BDDS ဖေ့စ်ဘွတ်ခ်စာမျက်နှာမှတစ်ဆင့် ပေးနေသည်။
  - ခွင့်ပြုချက်ပုံစံပြန်လည်မွမ်းမံခြင်းသတင်းအချက်အလက်အားလုံးအား https://www.in.gov/fssa/ddrs/5733.htm တွင်တွေ့နိုင်သည်။
  - DDRS ကြေငြာချက်များ၊ IN ဗွီးရှင်းသတင်းစာအတွက် စာရင်းသွင်းရန်နှင့် BDDS ဖေ့စ်ဘွတ်ခ်စာမျက်နှာ နောက်လိုက်ရန်အတွက် http://www.in.gov/fssa/ddrs/2639.htm တွင် ဝင်ပါ။

- **လူထုအစည်းအဝေးများ။** DDRS Advisory Council နှင့် 1102 Taskforce စည်းဝေးများတွင် နောက်ဆုံး အရာများပေးမည်ဖြစ်သည်။ DDRS Advisory Council တွင် သတင်းအချက်အလက်များအတွက် https://www.in.gov/fssa/ddrs/3355.htm သို့သွားပါ။ 1102 Task Force တွင် သတင်းအချက် အလက်များအတွက် https://www.in.gov/fssa/ddrs/5455.htm သို့သွားပါ။

- **ပါဝင်သူများနှင့် စည်းရုံးလှုံ့ဆော်ရေးအဖွဲ့ အစည်းအဝေးများ**
  - DDRS နှင့်စီမံကိန်းအဖွဲ့သည် Arc of Indiana, Indiana Governor's Council for People with Disabilities, Self-Advocates of Indiana နှင့် Indiana Association of Rehabilitation Facilities စသော အဓိကမိတ်ဖက်များနှင့် တွေ့ဆုံလိမ့်မည်။ ဤအစည်းအဝေးများသည် ဤအုပ်စုများအား သူတို့၏အကြံဉာဏ်များကိုမျှဝေရန်နှင့် တစ်ဦးချင်းစီများ၊ မိသားစုများ နှင့် သူတို့နှင့်အတူလုပ်ကိုင်သော အခြားစိတ်ဝင်စားသောပါတီများမှ သူတို့ကြားသိခဲ့သမျှတို့အပါအဝင် ဝေမျှရန်ဖြစ်သည်။
  - The Indiana Institute on Disability နှင့် Community at Indiana University တို့သည် Self-Advocates of Indiana နှင့်ပူးပေါင်း၍ ထိုယေဘူယျသဘောထားဆိုင်ရာစာတမ်းတွင် မည်သည့်အရာများတင်သွင်းခဲ့သည်အားလေ့လာရန် ပြည်နယ်တဝှမ်းတွင် ကိုယ်တိုင်ထုတ်ဖော်ပြောဆိုခြင်းပေးရန် လူထုအစည်းအဝေး ခြောက်ခုဆက်အား ကြီးမှူးပြုလုပ်မည်ဖြစ်ပြီး သူတို့ ထင်မြင်ချက်များမှ တုန့်ပြန်မှုကိုပေးမည် ဖြစ်သည်။ ထိုအစည်းအဝေးများ၏ နေရာနှင့်အချိန်အားသတင်းအချက်အလက်များအား စီစဉ်ရေးဆွဲပြီးပါက ဝေမျှမည်ဖြစ်သည်။
  - The Bureau of Developmental Disabilities Services (BDDS) သည် နောက်ထပ် Building Bridges အစည်းအဝေးများကို ပြည်နယ်တစ်ဝှမ်းတွင် မိသားစုများနှင့် မသန်စွမ်းသူ တစ်ဦးချင်းစီတိုင်းနှင့်အတူ ထိုခွင့်ပြုချက်ပုံစံ ပြန်လည်မွမ်းမံခြင်းစီမံကိန်းနှင့်ပတ်သက်သည့်အရာများ ပိုမိုသိနိုင်ရန် ၊ ထိုယေဘူယျ သဘောထားအစပြုခြင်းနှင့် သူတို့တုန့်ပြန်ခြင်းအားဝေမျှရန် ဦးစီးဦးဆောင်မည်ဖြစ်သည်။
  - ခွင့်ပြုချက်ပုံစံပြန်လည်မွမ်းမံခြင်းစီမံကိန်းအား သက်ရောက်မှုရှိသည့် မည်သည့်အုပ်စုမဆို၏ တောင်းဆိုမှုအရ DDRS သည် ထိုသူများနှင့် တိုက်ရိုက်တွေ့ဆုံခြင်း /သို့မဟုတ် သူတို့ကိုယ်တိုင်တွေ့ဆုံရန် ဆန္ဒရှိသောအုပ်စု အတွက် စာရွက်စာတမ်းပစ္စည်းများပေးလိမ့်မည်။ ထို စာရွက်စာတမ်းပစ္စည်းများသည် ခွင့်ပြုချက်ပုံစံပြောင်းလဲခြင်းများ နှင့်ပတ်သက်သော ဖြစ်နိုင်သည့်အရာများအားစဉ်းစားရန် ကူညီမည်ဖြစ်ပြီး သို့မှသာ သူတို့ကိုယ်ပိုင်တုန့်ပြန်မှုအား တင်သွင်းနိုင်မည်ဖြစ်သည်။

- **အီလက်ထရောနစ်စစ်တမ်း။** ကျွန်ုပ်တို့၏ ဝက်ဘ်စစ်တမ်းကောက်ယူခြင်းမှတစ်ဆင့် သင့်အကြံဉာဏ်များကိုဝေမျှရန်လည်း ကြိုဆိုပါသည်။ ဤစာတမ်းတစ်လျှောက် မီးမောင်းထိုးပြခဲ့သော အဓိကမေးခွန်းများကို စစ်တမ်းတွင်ထည့်သွင်းထားသော်လည်း ထိုမေးခွန်းများကိုဖြေဆိုရန်မှာ ရွေးချယ်မှုဖြစ်သည်။ စစ်တမ်းတွင် သင်ပေးလိုသောမည်သည့်တုန့်ပြန်မှုကိုမဆိုပေးရန် နေရာလွတ် တစ်ခုလည်း ပေးထားပါသည်။ ထိုစစ်တမ်းအားရနိုင်ရန် https://iu.co1.qualtrics.com/jfe/form/SV_6qXBDMKLzCxZDY9 သို့ဝင်ပါ။

  ထိုစစ်တမ်းအား စပိန်ဘာသာစကားဖြင့်ရနိုင်ရန် https://iu.co1.qualtrics.com/jfe/form/SV_3yLAqmbr2NaO8QZ သို့ဝင်ပါ။

DRAFT

အောက်ပါတို့သည် ခွင့်ပြုချက်ပုံစံပြန်လည်မွမ်းမံခြင်းစီမံကိန်းတွင်ရှိသည့် နောက်ထပ်ခြေလှမ်းများဖြစ်သည်။ ထိုရက်စွဲများမှာ အနီးစပ်ဆုံး ခန့်မှန်းထားခြင်းများဖြစ်ပြီး ပြောင်းလဲရန်ရှိသည်။

| မှတ်တိုင် | ရက်စွဲများ |
|---|---|
| ကနဦးယေဘူယျသဘောထားဆိုင်ရာစာတမ်း ထုတ်ဝေခြင်း | ၂၀၂၀ ဇန်နဝါရီလ |
| ကနဦးယေဘူယျသဘောထားဆိုင်ရာစာတမ်းပြည်သူလက်သို့ရောက်ခြင်းကာလ | ၂၀၂၀ ဇန်နဝါရီလ– ၂၀၂၀ ဧပြီလ |
| ယေဘူယျသဘောထားဆိုင်ရာစာတမ်းတိုးချဲ့ခြင်း | ၂၀၂၀ ဧပြီလ– ၂၀၂၀ ဇွန်လ |
| နောက်ဆုံးယေဘူယျသဘောထားဆိုင်ရာစာတမ်း ထုတ်ဝေခြင်း | ၂၀၂၀ ဇွန်လ |
| နောက်ဆုံးယေဘူယျသဘောထားဆိုင်ရာစာတမ်းပြည်သူလက်သို့ရောက်ခြင်းကာလ | ၂၀၂၀ ဇွန်လ – ၂၀၂၀ ဇူလိုင်လ |

အင်ဒီးယားနားသည် IDD ရှိသူများနှင့် ၎င်းတို့မိသားစုများအတွက် ထောက်ပံ့သည့်စနစ်ကိုပြောင်းလဲရန် လုပ်ဆောင်သည်နှင့်အမျှ ကျွန်ုပ်တို့မြင်တွေ့လိုသောရလဒ်များကိုရရှိရန် အတူတကွ လုပ်ဆောင်ကြရမည်။ ယခုအချိန်သည် အင်ဒီးယားနားအတွက် မသန်မစွမ်းဖြစ်သော သူများ သူတို့အကောင်းဆုံးဘဝတွင် အသက်ရှင်ရန် ထောက်ပံ့နိုင်သောစနစ်တစ်ခုအား တည်ဆောက်ရန် အချိန်ဖြစ်သည်။

DRAFT